# Palm Sunday

**1st READING:** ***Isaiah 50:4-7***
ယေရှာယအနာဂတ္တိကျမ်း ၅၀: ၄- ၇

ငါသည် ပင်ပန်းသော သူအား မစခြင်းငှာ စကားပြောတတ်မည်အကြောင်း၊ အရှင်ထာဝရဘုရားသည် လူတတ်၏နှုတ်သတ္တိကို ငါ့အား ပေးတော်မူပြီ။ နံနက်အစဉ်အတိုင်း ငါ့ကို နှိုးတော်မူပြီ။ စာသင်သော သူကဲ့သို့နားထောင်စေမည့်အကြောင်း ငါ့နားကို နှိုးဆော်တော်မူပြီ။အရှင်ထာဝရ ဘုရားသည် ငါ့နားကို ဖွင့်တော်မူ၍၊ ငါလည်း မငြင်းမဆန်၊နောက်သို့မဆုတ်၊ရိုက်သောသူတို့အား ငါ့ကျောကိုင်း၊ နားပန်ဆံကို နှုတ်သော သူတို့အား ငါ့ပါးကိုင်း၊ ငါအပ်၏။ အရှက်ခွဲခြင်းနှင့် တံတွေးထွေးခြင်းမှ ငါသည် ကိုယ်မျက်နှာကိုမလွှဲ။ အရှင်ထာဝရဘုရား သည် ငါ့ကို စောင့်မတော်မူလိမ့်မည်။ ထို့ကြောင့်၊ ငါမရှုံးရသည်ဖြစ်၍၊ ကိုယ်မျက်နှာကို မီးကျောက်ကဲ့သို့ထားလျက်၊ ရှက်ကြောက်ခြင်းသို့ မရောက်ရဟု ငါသိ၏။

## Responsorial Psalm  Psalm  22: 8-9, 17-18, 19-20, 23-24

ဆာလံကျမ်း   ၂၂း ၈–၉၊ ၁၇–၁၈၊ ၁၉–၂၀၊ ၂၃–၂၄၊

၈–၉။ တပည့်တော်ကိုမြင်ကြသူတိုင်းကပြောင်လှောင်ရှုတ်ချကြပါ၏။သူတို့သည်မဲ့ရွဲ့ပြကာခေါင်းကို
ယမ်းလျှက်၊ ဤသူသည်ထာဝရဘုရားကိုခိုလှုံအားကိုးသောသူဖြစ်၏။ သူ့ဘုရားသည်သူ့ကိုကယ်တင်
ပါစေ။ သူ့ကိုရွေးနှုတ်ပါစေ။ အကြောင်းမူကား၊သူ့ဘုရားသည်သူ့ကိုနှစ်သက်မြတ်နိုး၏ဟုဆိုကြ၏။
သို့သော်ကိုယ်တော်သည်တပည့်တော်ကိုအမိဝမ်းထဲကပင်ခေါ်ယူတော်မူခဲ့ပါ၏။ တပည့်တော်၏မိခင်
ရင်ခွင်တွင်နို့စို့သူငယ်ဘဝ၌ကိုယ်တော်သည်တပည့်တော်ကိုဘေးကင်းလုံခြုံစွာထားတော်မူ၏။

၁၇–၁၈။ တပည့်တော်သည်မိမိအရိုးရှိသမျှတို့ကိုရေတွက်နိုင်ပါပြီ။ သူတို့သည်တပည့်တော်ကိုစိုက်
ကြည့်၍အားရဝမ်းသာဖြစ်နေကြပါပြီ။ သူတို့သည်တပည့်တော်၏အဝတ်များကိုအချင်းချင်းခွဲဝေယူ
ကြလျက်တပည့်တော်၏ဝတ်ရုံကိုမဲချယူကြလေပြီ။

၁၉–၂၀။ သို့သော်အို ထာဝရ၊ တပည့်တော်နှင့်ဝေးဝေးနေတော်မမူပါနှင့်။ အိုတပည့်တော်၏
ခွန်အားဖြစ်တော်မူသောကိုယ်တော်ဘုရား၊ တပည့်တော်ကိုကူညီစောင်မရန်အလျင်အမြန်ကြွ
လာတော်မူပါ။ တပည့်တော်၏ဝိညာဉ်ကိုဓါး၊ လက်နက်ဘေးမှလည်းကောင်း၊တပည့်တော်၏
အသက်ကိုခွေး၏ရန်မှလည်းကောင်းကယ်တင်တော်မူပါ။

၂၃–၂၄။ ထာဝရဘုရားကိုကြောက်ရွံ့သော၊သင်တို့ကိုယ်တော်ကိုချီးမွမ်းထောမနာပြုကြလော့။ ယာကုပ်၏
သားမြေးတို့ကိုယ်တော်အားဂုဏ်ပြုချီးမွမ်းကြလော့။အစ္စရေးလ်လူမျိုးအပေါင်းတို့ကိုယ်တော်ကိုကြောက်ရွံ့
ရိုသေကြလော့။အကြောင်းမူကား၊ကိုယ်တော်သည်ဆင်းရဲဒုက္ခရောက်သူအားပစ်ပယ်ထားတော်မူသည်မ
ဟုတ်၊သူခံရသောဆင်းရဲဒုက္ခများကိုလည်းလျစ်လျူရှုတော်မမူ၊မျက်နှာတော်ကိုလည်းသူ့ထံမှလွှဲတော်မမူ၊
သို့သော်သူ၏အောင်ဟစ်တောင်းလျှောက်သံကိုနားညောင်းတော်မူ၏။

## 2nd READING: Phillippians 2:6-11
ဖိလိပိပြဲဝါဒစာ ၂း ၆–၁၁

ထိုသခင်သည်ဘုရားသခင်၏အဖြစ်တော်၌ပြည့်စုံတော်မူသော်လည်းဘုရားသခင်နှင့်ဂုဏ်ရည်တူရန်
ကြိုးစားသင့်သည်ဟုထင်မှတ်တော်မမူ။မိမိ၏ဘုရားဘုန်းဂုဏ်တော်ကိုစွန့်၍အစေခံကျွန်၏သဏ္ဍာန်ကို
ဆောင်တော်မူလျှက်လူအဖြစ်၌မွေးဖွားခြင်းကိုခံတော်မူ၏ ။ထိုသို့လူ၏ဂုဏ်အင်္ဂါလက္ခဏာနှင့်ပြည့်စုံလျှက်
အသေခံခြင်းသာမဟုတ်၊လက်ဝါးကပ်တိုင်တွင်အသေခံခြင်းတိုင်အောင်အစေခံ၍မိမိကိုယ်ကိုနှိမ့်ချတော်မူ
၏ ။ဤအကြောင်းကြောင့်ဘုရားသခင်သည်ကိုယ်တော်ကိုအထက်ဘဝဂ်သို့တိုင်အောင်ချီးမြှောက်၍ဘွဲ့နာမ
တကာတို့ထက်ကြီးမြတ်သောဘွဲ့နာမကိုပေးသနားတော်မူ၏ ။ထို့ကြောင့်ကောင်းကင်၊မြေကြီးနှင့်မြေကြီး
အောက်ရှိသတ္တဝါအပေါင်းတို့သည်သခင်ယေရှု၏နာမတော်ကိုရိုသေဦးညွှတ်လျက်ယေရှုခရစ်တော်သည်
အရှင်သခင်ဖြစ်တော်မူသည်ဟုနှုတ်မှဝန်ခံသဖြင့်ခမည်းတော်ဘုရား၏ဘုန်းတော်ဂုဏ်တော်ကိုထွန်း
တောက်စေကြလိမ့်မည်

**GOSPEL:** ***Matthew 26:14-27:66***

ရှင်မာတေဦး ဧဝံဂေလိကျမ်း **၂၆း ၁၄–၂၇း၆၆**

ထိုအခါတစ်ဆယ့်နှစ်ပါးတွင်ပါဝင်သောဂျူဒအိစကာယုဒ်သည်ရဟန်းအကြီးအကဲများထံသို့သွား၍ယေရှုကိုသင်တို့လက်သို့ငါအပ်လျှင်သင်တို့သည်ငါ့အားမည်သည့်အရာကိုပေးမည်နည်းဟုဆိုသော်သူတို့ကငွေဒင်္ဂါးသုံးဆယ်ပေးလိုက်ကြ၏။ထိုအချိန်မှစ၍သူသည်လည်းကိုယ်တော်ကိုအပ်နှံခြင်းငှာအခွင့်ကောင်းကိုရှာကြံလျက်နေ၏။ တဆေးမဲ့မုန့်ပွဲတော်ပထမနေ့၌တပည့်တော်တို့သည်သခင်ယေရှုထံတော်သို့ချဉ်းကပ်ကြ၍ကိုယ်တော်သည်ပါစကားပွဲညစာသုံးဆောင်ရန်မည်သည့်နေရာတွင်ပြင်ဆင်စေလိုတော်မူပါသနည်းဟုမေးလျှောက်ကြသော်၊ကိုယ်တော်ကမြို့ထဲရှိဤမည်သောသူထံသို့သွားကြ၍သခင်မှာလိုက်သည်ကားငါ၏အချိန်နီးပြီ။ငါ့တပည့်တော်တို့နှင့်အတူသင်၏အိမ်၌ပါစကားပွဲကိုကျင်းပမည့်အကြောင်းသူ့အားပြောကြားကြလော့ဟုမိန့်တော်မူ၏။တပည့်တော်တို့သည်လည်းယေရှုမိန့်တော်မူသည့်အတိုင်းပါစကားပွဲကိုကျင်းပရန်အသင့်ပြင်ဆင်ကြလေ၏။

ညနေခင်းအချိန်ရောက်သောအခါကိုယ်တော်သည်တပည့်တော်တစ်ဆယ့်နှစ်ပါးတို့နှင့်အတူစားပွဲ၌ထိုင်တော်မူ၏။ညစာစားလျက်နေကြစဉ်ယေရှုကသင်တို့အားငါအမှန်ဆိုသည်ကားသင်တို့ထဲမှတစ်ဦးသည်ငါ့ကိုသစ္စာဖောက်လိမ့်မည်ဟုမိန့်တော်မူ၏။တပည့်တော်တို့သည်အလွန်ဝမ်းနည်းကြသဖြင့်သခင်တပည့်တော်ဖြစ်မည်လောဟုအသီးသီးမေးလျှောက်ကြ၏။ကိုယ်တော်ကလည်းငါနှင့်အတူပန်းကန်တွင်လက်နှိုက်သောသူသည်ငါ့ကိုသစ္စာဖောက်လိမ့်မည်။ လူသားသည်ကျမ်းစာလာသည်အတိုင်းသွားရမည်မှန်၏။ သို့သော်လည်းလူသားအပေါ်သစ္စာဖောက်သူသည်ပို၍အမင်္ဂလာရှိ၏။ထိုသူသည်မွေးဖွားခြင်းမခံရလျှင်သာ၍ကောင်း၏ဟုမိန့်တော်မူ၏။ကိုယ်တော်ကိုသစ္စာဖောက်မည့်သူဂျူဒကလည်းဆရာတော်ဘုရားတပည့်တော်ဖြစ်မည်လောဟုမေးလျှောက်လျှင်သင်ဆိုလေပြီဟုမိန့်တော်မူ၏။ ညစာစားနေကြစဉ်သခင်ယေရှုသည်ပေါင်မုန့်ကိုယူတော်မူ၍ကောင်းကြီးပေးတော်မူပြီးဖဲ့တော်မူ၍မိမိတပည့်တော်ကြီးတို့အားပေးလျက်ဤအရာသည် ငါ၏ကိုယ်ဖြစ်၏။ ယူ၍စားကြလော့ဟုမိန့်တော်မူ၏၊ကိုယ်တော်သည်စပျစ်ရည်ခွက်ကိုလည်းယူတော် မူ၍၊ ကျေးဇူးတင်တော်မူပြီးနောက်တပည့်တော်တို့အားပေးလျက်မိန့်တော်မူသည်ကားသင်တို့အားလုံး ဤခွက်မှသောက်ကြလော့။ဤသည်ကားလူအားလုံးတို့အတွက်အပြစ်ဖြေလွှတ်ခြင်းငှာသွန်းလောင်းခံရမည့်ပဋိညာဉ်သစ်နှင့်ဆိုင်သောငါ၏အသွေးဖြစ်၏။ သင်တို့အားငါဆိုသည်ကားယခုအချိန်မှစ၍ငါ့ခမည်းတော်၏နိုင်ငံတော်တွင်ဤစပျစ်နွယ်၏အသီးမှစပျစ်ရည်သစ်ကိုသင်တို့နှင့်အတူသောက်ရသည့်နေ့တိုင်အောင်နောက်တဖန်ငါသောက်လိမ့်မည်မဟုတ်ဟုမိန့်တော်မူ၏။ ထို့နောက်သူတို့သည်ဓမ္မသီချင်းတစ်ပုဒ်ကိုသီဆိုချီးမွမ်းလျက်သံလွင်တောင်ပေါ်သို့ထွက်သွားကြ၏။ ထို့နောက်သခင်ယေရှုကတပည့်တော်တို့အားမိန့်တော်မူသည်မှာဤည၌သင်တို့အားလုံးသည်ငါ့အတွက်ကြောင့်စိတ်ပျက်အားငယ်ကြလိမ့်မည်။ အကြောင်းမူကားကျမ်းစာ၌ရေးထားသည်မှာသိုးထိန်းကိုငါရိုက်ခတ်မည်။ သိုးစုထဲမှသိုးတို့သည်ကစင့်ကလျားဖြစ်ကြလိမ့်မည်ဟူ၍ ဖြစ်သတည်း။ သို့သော်ငါသည်သေခြင်းမှရှင်ပြန်ထမြောက်ပြီး၊နောက်သင်တို့ရှေ့မှာကြို၍သွားနှင့်မည်ဟုမိန့်တော်မူ၏။ ထိုအခါပေတရုကသူတို့အားလုံးသည် ကိုယ်တော့်အပေါ်စိတ်ပျက်အားလျော့ကြသော်လည်း တပည့်တော်သည်မည်သည့်အခါမျှစိတ်ပျက်အားလျော့

လိမ့်မည်မဟုတ်ဟုလျှောက်လေ၏။ ယေရှုကလည်းသင့်အားငါအမှန်ဆိုသည်ကားဤညဉ့်၌ပင်ကြက်မတွန်မှီသင်သည်ငါ့ကိုသုံးကြိမ်ငြင်းပယ်လိမ့်မည်ဟုမိန့်တော်မူ၏။ ပေတရုကအကယ်၍တပည့်တော်သည်ကိုယ်တော်နှင့်အတူအသက်သေရမည်ဆိုလျှင်လည်းကိုယ်တော်ကိုတပည့်တော်မငြင်းပယ်ပါဟုလျှောက်လေ၏။ တပည့်တော်အားလုံးတို့သည်လည်းထိုနည်းတူလျှောက်ကြ၏။ ထိုအခါသခင်ယေရှုသည်တပည့်တော်တို့နှင့်အတူဂျက်ဆေမာနီအမည်ရှိသောဥယျာဉ်သို့ရောက်တော်မူလျှင်တပည့်တော်တို့အားငါသည်ထိုနေရာသို့သွား၍ဆုတောင်းစဉ်တွင်ဤနေရာမှာထိုင်နေကြလော့ဟုမိန့်တော်မူပြီးမှပေတရုနှင့်ဇေဘေဒေဦး၏သားနှစ်ယောက်တို့ကိုအတူခေါ်သွားတော်မူ၍ကိုယ်တော်သည်ပူဆွေးညှိုးငယ်ပူပန်ခြင်းကိုစတင်ခံစားရတော်မူ၏။ ထိုအခါကိုယ်တော်ကငါ၏စိတ်နှလုံးသည်သေလုမတတ်ညှိုးငယ်ပူဆွေးခြင်းကို ခံစားရ၏။ သင်တို့ဤအရပ်မှာနေရစ်ကြ၍ငါနှင့်အတူနိုးကြားစွာစောင့်နေကြလော့ဟုမိန့်တော်မူ၏။ ထိုနေရာမှရှေ့သို့အနည်းငယ်ကြွတော်မူ၍မျက်နှာကိုမြေတွင်အပ်ကာပျပ်ဝပ်ညွှတ်တွားလျက်ဆုတောင်းတော်မူသည်မှာအိုအဖ၊ ဖြစ်နိုင်ပါလျှင်ဤခွက်ကိုကျွန်ုပ်ထံမှလွှဲဖယ်တော်မူပါ။ သို့သော်လည်းကျွန်ုပ်၏အလိုအတိုင်းမဟုတ်၊ကိုယ်တော်၏အလိုတော်အတိုင်းသာဖြစ်ပါစေသော်ဟုဆုတောင်းတော်မူ၏။ ထို့နောက်တပည့်တော်များထံသို့ကြွလာတော်မူ၍သူတို့အိပ်ပျော်လျက်ရှိကြသည်ကိုတွေ့လျှင်ပေတရုအားသင်တို့သည်တစ်နာရီမျှမအိပ်ဘဲငါနှင့်အတူမစောင့်နိုင်ပြီလော့။ စုံစမ်းနှောင့်ယှက်ခြင်းသို့မပါဝင်ရအောင်ဆုတောင်းလျှက်နိုးကြားစွာစောင့်နေကြလော့၊ စိတ်ဝိညာဉ်သည်ကားထက်သန်သော်လည်းကိုယ်ကာယမှာမူအားနည်းလှသည်ဟုမိန့်တော်မူ၏။ တစ်ဖန်ဒုတိယအကြိမ်ထွက်သွားတော်မူ၍ကျွန်ုပ်၏အဖ၊ဤခွက်ကိုလွှဲဖယ်ရန်မဖြစ်နိုင်ဘဲကျွန်ုပ်သောက်ရမည်ဆိုလျှင်ကိုယ်တော်၏အလိုတော်အတိုင်းဖြစ်ပါစေဟုဆုတောင်းတော်မူပြန်လေ၏။

တစ်ဖန်ကိုယ်တော်သည်ပြန်လာသောအခါသူတို့အိပ်ပျော်လျှက်ရှိကြသည်ကို တွေ့တော်မူ၏။အကြောင်းမူကား၊သူတို့၏မျက်စိများသည်လေးလံသောကြောင့်ဖြစ်၏။ကိုယ်တော်သည်သူတို့ကိုထားခဲ့၍တစ်ဖန်ထွက်သွား ပြီးလျှင် ယခင်က မြွက်ဆိုခဲ့သည့်အတိုင်း သုံးကြိမ် မြောက်အောင် ဆုတောင်းတော်မူ၏။

ထို့နောက် ကိုယ်တော်သည် တပည့်တော်တို့ထံသို့ ပြန်လာတော်မူ၍ သင်တို့သည်အိပ်စက်အနားယူဆဲပင်ရှိသေးသလော။လူသားကိုအပြစ်သားတို့လက်သို့အပ်နှံသောအချိန်နာရီရောက်လာပြီ။ထကြ၊သွားကြစို့ငါ့ကိုအပ်နှံမည့်သူသည်ရောက်လာပြီဟုမိန့်တော်မူ၏။ ထိုသို့ကိုယ်တော်မိန့်တော်မူစဉ်တစ်ဆယ့်နှစ်ပါးတို့တွင်အပါအဝင်ဖြစ်သော ဂျုဒနှင့်အတူရဟန်းအကြီး အကဲများ၊သက်ကြီးဝါကြီးများကစေလွှတ်လိုက်သောလူအစုအဝေးတို့သည် တုတ်၊ဓားများကိုစွဲကိုင်လျက် လာကြ၏။ ကိုယ်တော့်ကိုရန်သူ့လက်သို့အပ်နှံသောသူက ငါနမ်း၍နှုတ်ဆက်သောသူသည် ထိုသူပင် ဖြစ်၏။ သူ့ကို ဖမ်းကြလော့ဟု အချက်ပေးထားလေ၏။ဂျုဒသည်သခင်ယေရှုထံသို့ချက်ချင်းပင်ချဉ်းကပ်၍အာဝေ၊ရဗ္ဗိဟုဆိုလျက် ကိုယ်တော်ကိုနမ်းလေ၏။ သခင်ယေရှုက လည်း မိတ်ဆွေ၊ အဘယ့်ကြောင့် လာသနည်းဟု မေးတော်မူစဉ် သူတို့သည်လာကြ၍ ကိုယ်တော့်ကိုဖမ်းဆီးချုပ်နှောင်ကြ၏။ထိုအခါသခင် ယရှုနှင့်အတူပါလာသူတစ်ဦးသည်လက်ဖြင့်ဓားကို ဆွဲထုတ်ပြီးလျှင်ရဟန်းချုပ်၏ အစေခံတစ်ဦးကိုခုတ် သဖြင့် ထိုသူ၏နားရွက်ပြတ်လေ၏။ သခင်ယေရှု ကသင်၏ဓားကိုဓားအိမ်၌ပြန်သွင်းလော့။အကြောင်း မူကားဓားကိုကိုင်သောသူတို့သည် ဓားဖြင့်ပျက်စီး ခြင်းသို့ ရောက်လိမ့်မည်။ ငါ့ထံသို့ ယခုချက်ခြင်း ကောင်းကင်တမန်တော်

တစ်ဆယ့်နှစ်တပ်မျှမကစေ လွှတ်ရန်အတွက် ငါ့ခမည်းတော်ထံငါမတောင်းခံနိုင်ဟုသင်ထင်သလော။ သို့ရာတွင် ဤကဲ့သို့ဖြစ်လာရ မည်ဟူသော ကျမ်းချက်များသည်အဘယ်သို့ပြည့်စုံ စုံနိုင်ပါမည်နည်းဟု မိန့်တော်မူ၏။ ထိုအချိန်နာရီ၌ သခင်ယေရှုးသည် လူအစုအဝေးတို့အားဆိုသည်မှာ သင်တို့သည် တုတ်၊ဓါးများကို ဆွဲကိုင်လျက်ဓါးပြ ဖမ်းသကဲ့သို့ ငါ့ကိုဖမ်းဆီးရန်ထွက်လာကြသလော။ ငါသည်ဗိမာန်တော်၌ထိုင်၍နေ့စဉ်နေ့တိုင်းသွန်သင် ဟောပြောနေစဉ် သင်တို့သည် ငါ့ကိုမဖမ်းဆီးကြ။ သို့ရာတွင် ဤအဖြစ်အပျက် အားလုံးသည် ပရော ဖက်ကျမ်းများပြည့်စုံစေမည့်အကြောင်းဖြစ်သတည်း ဟုမိန့်တော်မူ၏။ထိုအခါတပည့်တော်အားလုံးသည် ကိုယ်တော်ကိုထားခဲ့၍ထွက်ပြေးကြ၏။ သခင်ယေရှုးကို ဖမ်းဆီးကြသော သူတို့သည်ကိုယ် တော်ကိုကျမ်းတတ်ဆရာနှင့်သက်ကြီးဝါကြီးတို့စုဝေး လျက်ရှိသော ရဟန်းချုပ်ကာအိဖရုံးတော်သို့ ခေါ်ဆောင်သွားကြ၏။ ပေတရုမူကားရဟန်းချုပ်၏အိမ် တော်ဦးတိုင်အောင် နောက်တော်သို့မလှမ်းမကမ်းမှ လိုက်ပါလျှက်အတွင်းသို့ဝင်ပြီးလျှင်ထိုအမှုအခင်းကို အဆုံးတိုင်အောင် သိမြင်ခြင်းငှာ အစောင့်တို့နှင့် အတူထိုင်နေလေ၏။ ရဟန်းအကြီးအကဲများနှင့်တရား စီရင်သောအဖွဲ့တစ်ခုလုံးသည်ယေရှုးကိုသေဒဏ်စီရင်အံ့သောငှာမမှန်သောသက်သေအထောက်အထားများ ကိုရှာကြ၏။မမှန်သောသက်သေခံသူများလာကြသော်လည်းအထောက်အထားမတွေ့ကြချေ။နောက်ဆုံး၌ ကားမမှန်သောသက်သေခံသူနှစ်ယောက်လာကြ၍ဤသူကငါသည်ဘုရားသခင်၏ဗိမာန်တော်ကိုဖျက်ဆီး၍ သုံးရက်အတွင်းပြန်လည်တည်ဆောက်နိုင်သည်ဟုပြောခဲ့ကြောင်းသက်သေခံကြ၏။
ထိုအခါရဟန်းချုပ်သည်ထ၍သင်၌ဖြေကြားစရာမရှိ သလော။သင်ကိုစွပ်စွဲထွက်ဆိုခဲ့ကြသောဤသူတို့၏ သက်သေခံချက်များကားအဘယ်အကြောင်းများနည်း ဟုကိုယ်တော်အား မေးလေ၏။ သခင်ယေရှုးမူကား တိတ်ဆိတ်စွာနေတော်မူ၏။ရဟန်းချုပ်ကလည်းသင်သည်ခရစ်တော်တည်းဟူသော ဘုရားသခင်၏သား တော်ဖြစ်သည်မှန်လျှင် ငါတို့အားပြောပြစေခြင်းငှာ အသက်ရှင်တော်မူသော ဘုရားကို တိုင်တည်၍သင့် အား ငါအမိန့်ရှိသည်ဟုဆို၏။ သခင်ယေရှုးကလည်း သင်ဆိုလေပြီ၊သို့သော်လည်း သင်တို့အား ငါဆို သည်ကားလူသားသည်ဘုရားရှင် ဘုန်းအာနုဘော်တော်၏လက်ယာဘက်မှာထိုင်လျက်မိုးတိမ်ပေါ်မှ ကြွလာသည်ကိုတစ်နေ့သင်တို့မြင်ရကြလိမ့်မည်ဟုမိန့်တော်မူ၏။ ထိုအခါရဟန်းချုပ်သည် မိမိအဝတ်များ ကိုဆုတ်လျက်သူသည်ဘုရားသခင်ကို ထိခိုက်ပြောဆိုလေပြီ၊မည်သည့် သက်သေများလိုပါ သေးသနည်း။ ဘုရားသခင်အားထိခိုက်သောစကား ကိုယခုပင်သင်တို့ကြားရပြီ။သင်တို့မည်သို့ထင်မှတ်ကြသနည်း ဟု ဆိုလျှင်သူတို့ကဤသူသည်သေထိုက် ၏ဟုပြန်ဖြေကြ၏။ ထိုအခါသူတို့သည်ကိုယ်တော် ၏မျက်နှာ တော်ကိုတံထွေးနှင့်ထွေးကြ၏။ကိုယ်တော် ကို လက်သီးနှင့်လည်း ထိုးကြ၏။ အချို့မူကား ကိုယ်တော်၏ ပါးကိုရိုက်ကြလျက်အသင်ခရစ်တော်၊ သင့်အား မည်သူ ရိုက်သည်ကို ကျွန်တော်တို့အား ပရောဖက်ဉာဏ် နှင့်ဟောတော်မူပါဟု ဆိုကြ၏။ ပေတရုမူကားအိမ်တော်ဝင်းအပြင်ဘက်၌ထိုင်နေ စဉ်အစေခံအမျိုးသမီး တစ်ဦးသည်သူ့ထံသို့လာ၍သင်သည်လည်းဂါလိလေနယ်သား ယေရှုး နှင့် အတူရှိခဲ့သည်ဟုဆို၏။ ပေတရုကလည်း သင်မည် သည့်အရာပြောဆိုသည်ကိုငါမသိဟုဆို၍လူအပေါင်းတို့၏ရှေ့မှာ ကိုယ်တော် ကိုငြင်းပယ်လေ၏။
သူသည်အိမ်တော်ဝင်းတံခါးဆီသို့ ထွက်သွားသော အခါအခြားအစေခံ အမျိုးသမီးတစ်ဦးက သူ့ကိုမြင် လျှင် ဤသူသည်လည်းနာဇရက်မြို့သား ယေရှုးနှင့်အတူရှိခဲ့ပါသည်ဟုဆိုလျှင်ပေတရုကထိုသူကိုငါမသိ

ပါဟုကျိန်ဆို၍ တဖန်ငြင်းပယ်ပြန်လေ၏။ အချိန် အနည်းငယ်ကြာပြီးနောက်အနီးတွင် ရပ်နေသောသူများသည် ပေတရုထံသို့လာကြ၍ အမှန်စင်စစ်သင် သည်လည်း သူတို့တွင် တစ်ဦးအပါအဝင် ဖြစ်၏။ အကြောင်းမူကား သင်ပြောသော စကားအသံကပင်သိသာထင်ရှားစေသည်ဟုဆိုကြ၏။ထိုအခါပေတရုက ထိုသူကိုငါမသိဟု အဓိဋ္ဌာန်ပြု၍ကျိန်ဆိုလေ၏။ ထိုခဏချင်းတွင် ကြက်တွန်လေ၏။ ကြက်မတွန်မီ သင်သည်ငါ့အား သုံးကြိမ်တိုင်တိုင် ငြင်းပယ်လိမ့်မည်ဟုယေရှုမိန့်တော်မူသောစကားကို ပေတရု အောက်မေ့သတိရသဖြင့် သူသည် အပြင် သို့ထွက်၍ ပြင်းထန်စွာ ငိုကြွေးလေ၏။

နံနက်အချိန်ရောက်သော် ရဟန်းအကြီးအကဲတို့နှင့် သက်ကြီးဝါကြီး အားလုံးတို့သည် သခင်ယေရှုကို သေဒဏ်စီရင်ခြင်းငှာ ဆွေးနွေးတိုင်ပင်ကြ၍။ ကိုယ်တော်ကိုချည်နှောင်လျက် ခေါ်သွားကြပြီးလျှင် ဘုရင်ခံပီလာတုမင်းလက်သို့အပ်လိုက်ကြ၏။ ထိုအခါကိုယ်တော်အားသေဒဏ် စီရင်ကြသည်ကို သစ္စာဖောက်သူဂျုဒမြင်လျှင် နောင်တရ၍ငွေဒင်္ဂါး သုံးဆယ်ကို ရဟန်းအကြီးအကဲတို့နှင့် သက်ကြီးဝါကြီးတို့ထံသို့ပြန်ယူခဲ့ပြီး။ ကျွန်တော်သည်အပြစ် ကင်းသူ၏သွေးအပေါ်သစ္စာဖောက်ခြင်းဖြင့်ပြစ်မှားခဲ့ပါပြီဟုဆို၏။ သူတို့ကလည်း ငါတို့နှင့်အဘယ်သို့ ဆိုင်သနည်း။ သင်၏အမှုကိစ္စကိုသင်ကိုယ်တိုင် ကြည့်ရှင်းလော့ဟုဆိုကြ၏။ထိုအခါသူသည်ဗိမာန်တော်အတွင်း၌ ထိုငွေများကို ပစ်ချခဲ့ပြီး ထွက်ခွာသွား၍ မိမိ ကိုယ်ကို ကြိုးဆွဲချလေ၏။ ရဟန်းအကြီးအကဲတို့သည်ထိုငွေကိုယူ၍ပြောကြသည်မှာ ဤငွေကိုဘဏ္ဍာတော်တိုက်၌မထည့်အပ်၊အကြောင်းမူကားယင်းသည်သွေး၏တန်ဖိုးငွေ ဖြစ်သည်ဟုဆိုကြ၏။

ထို့ကြောင့်သူတို့သည်တိုင်ပင်ကြပြီးမှဧည့်သည်အာဂန္တုတို့အားသင်္ဂြိုဟ်ရန်အတွက်အိုးထိန်းသမား၏မြေတစ်ကွက်ကိုထိုငွေဖြင့်ဝယ်ကြ၏။ ထိုအကြောင်းကိုအစွဲပြု၍ယနေ့တိုင်အောင် ထိုမြေကွက်သည်အာခဲလ်ဒါမာဟုအမည်တွင်လေ၏ အဓိပ္ပါယ်ကားသွေးမြေကွက်ဟုဆိုလိုသတည်း။ ထိုအခါပရောဖက်ယေရမိယ ဟောထားချက်သည်ပြည့်စုံခြင်းသို့ရောက်လေ၏။ ဟောထားချက်သည် ကားသူတို့သည် ထိုသူ၏တန်ဖိုးအဖြစ်အစ္စရေးလ် လူမျိုးတို့ တန်ဖိုးဖြတ်ထားသော ငွေဒင်္ဂါးသုံးဆယ် ကိုယူကြ၍။ ငါ့အားထာဝရဘုရား ဗျာဒိတ်ထားတော်မူသည့် အတိုင်းအိုးထိန်းသမား၏မြေကွက်တန်ဖိုးအဖြစ်ပေး ကြလေပြီဟု လာသတည်း။

သခင်ယေရှုသည် ဘုရင်ခံ၏ရှေ့တွင် ရပ်နေတော်မူ သောအခါဘုရင်ခံကသင်သည်ဂျူးလူမျိုးတို့၏ဘုရင်ဖြစ်သလောဟုမေးလျှင် သင်ဆိုလေပြီဟုကိုယ်တော် ကပြန်ပြောတော်မူ၏။ သို့သော်ကိုယ်တော်သည် ရဟန်းအကြီးအကဲတို့နှင့် သက်ကြီးဝါကြီးတို့၏ စွပ်စွဲချက်များကိုမည်သို့မျှပြန်ဖြေတော်မမူ။

ထိုအခါပီလာတုမင်းကသင့်အပေါ်စွဲဆိုပြစ်တင်ထားသောသက်သေခံချက်များမည်မျှများပြားသည်ကိုသင်မကြားပါသလောဟုမေးလေ၏။ ကိုယ်တော်မူကားစွဲဆိုချက်တစ်ခုကိုမျှပြန်လည်ချေပတော်မမူသောကြောင့်ဘုရင်ခံသည်အလွန်အံ့ဩလေဘုရင်ခံသည်ပွဲတော်အချိန်အခါတွင်လူအများတောင်းဆိုသည့်အကျဉ်းသားတစ်ဦးကိုလွှတ်မြဲ ထုံးစံရှိ၏။ ထိုအချိန်တွင်နာမည်ဆိုးဖြင့်ကျော်ကြားသောဘာရာဘ အမည်ရှိအကျဉ်းသားတစ်ယောက်ရှိ၏။ လူအများ စုရုံးလာကြသောအခါ ပီလာတုမင်းက မည်သူ့ကို ငါလွှတ်ပေးစေရန်သင်တို့အလိုရှိ ကြသနည်း၊ဘာရာဘကိုလော၊ခရစ်တော်ဟုခေါ်သော ယေရှုကိုလောဟုမေးလေ၏။

အကြောင်းမူကားသူတို့သည်မနာလိုသောစိတ်ဖြင့်ကိုယ်တော်ကိုအပ်နှံခဲ့ကြကြောင်းသူသိ၏။

ထို့အပြင်သူသည်တရားပလ္လင်တွင်ထိုင်နေစဉ်သူ၏ဇနီးကသတင်းပို့သည်မှာထိုဖြောင့်မတ်သောသူ၏အမှု၌မည်သို့မျှမပတ်သက်ပါစေနှင့်။ အဘယ့်ကြောင့်ဆိုသော်ယနေ့ကျွန်မသည်ထိုသူကြောင့်အိပ်မက်တွင်

စိတ်ဒုက္ခများစွာခံစားခဲ့ရပြီဟုမှာကြားခဲ့၏။ ရဟန်းအကြီးအကဲတို့နှင့်သက်ကြီးဝါကြီးတို့ကမူဘာရာဘကို လွှတ်၍သခင်ယေရှုကိုသတ်စေမည့်အကြောင်းတောင်းဆိုရန်လူအစုအဝေးကိုသွေးဆောင်စည်းရုံးကြ၏။ဘုရင်ခံကဤသူနှစ်ယောက်တို့တွင်မည်သူကိုသင်တို့လွှတ်စေလိုကြသနည်းဟုမေးသောအခါသူတို့က ဘာရာဘဟုပြန်ဖြေကြ၏။ ပိလတ်မင်းကလည်းသို့ဖြစ်လျှင်ခရစ်တော်ဟုခေါ်သောယေရှုကို ငါမည်သို့ပြုရမည်နည်းဟုမေးသော်သူတို့အားလုံးကသူ့ကိုလက်ဝါးကပ်တိုင်တင်၍သတ်ပါဟုဆိုကြ၏။ ထိုအခါဘုရင်ခံကအဘယ့်ကြောင့်နည်း၊ သူသည်မည်သည့်အပြစ်ကိုပြုခဲ့မိ သနည်းဟုမေးလျှင်သူတို့က သူ့ကိုလက်ဝါးကပ်တိုင်တင်၍သတ်ပါဟုသာပို၍ကျယ်လောင်စွာဟစ်အော်ကြ၏။ ပီတာတုမင်းမူကားမိမိ၏စကားအကျိုးသက် ရောက်မှု မရှိသည်သာမက ရုံးရင်းဆန်ခတ် စတင် ဖြစ်လာသည်ကိုမြင်သောအခါရေကိုယူ၍လူအများ ရှေ့တွင် မိမိလက်များကိုဆေးလျက် ဤသူ၏သွေး နှင့် ငါအပြစ်ကင်းရှင်း၏။ သင်တို့ အမှုကိစ္စကိုသင်တို့သာလျှင်ကြည့်ရှင်းကြလော့ဟုဆို၏။ လူအပေါင်းတို့ကလည်းသူ၏သွေးသည်ငါတို့နှင့်ငါတို့သားသမီးများအပေါ်ကျရောက်ပါစေဟုပြန်ပြောကြ၏။ ထိုအခါသူသည်ဘာရာဘကိုလွှတ်လိုက်၍ယေရှုကိုမူကားကြိမ်နှင့်ရိုက်စေပြီးမှလက်ဝါးကပ် တိုင်တင်စေခြင်းငှာထိုသူတို့လက်သို့ အပ်လိုက်လေ၏။ ထိုအခါစစ်သူရဲများသည်သခင်ယေရှုကိုဘုရင်ခံ၏ရုံးတော်အတွင်းသို့ခေါ်ဆောင်သွားကြလျက်စစ်သူရဲတစ်တပ်လုံးကိုအထံတော်၌စုရုံးစေ၏။ ထို့နောက်ကိုယ်တော်၏အဝတ်တော်များကိုချွတ်၍နီသောဝတ်လုံကိုခြုံပေးကြ၏။ ဆူးခက်နှင့်ခွေသောဦးရစ်ကိုလည်းကိုယ်တော်၏ဦးခေါင်းပေါ်မှာတင်ကြ၏။ ကျူရိုးတစ်ချောင်းကိုလည်းကိုယ်တော်လက်ယာလက်တော်၌ကိုင်စေပြီး လျှင်ရှေ့တော်၌ဒူးထောက်ကြလျက်ဂျူးလူမျိုးတို့၏ဘုရင်သက်တော်ရာကျော်ရှည်ပါစေဟုပျက်ရယ်ပြုကြ၏။သူတို့သည်ကိုယ်တော်ကိုတံတွေးနှင့်ထွေးကြ၍ကျူရိုးကိုယူပြီးလျှင်ဦးခေါင်းတော်ကိုရိုက်ကြ၏။ သူတို့သည်ထိုသို့ကိုယ်တော်ကိုပျက်ရယ်ပြုကြ ပြီးနောက်နီသောဝတ်လုံကိုချွတ်၍ကိုယ်တော်၏အဝတ်များကိုပြန်ဝတ်စေပြီးလျှင်လက်ဝါးကပ်တိုင်တင်အံ့သောငှာခေါ်ဆောင်သွားကြ၏။ သူတို့သည်ရုံးတော်မှထွက်ခွာလာကြစဉ်စီမုန်အမည်ရှိသောစီရီနေမြို့သားတစ်ဦးကိုတွေ့ကြလျှင်ထိုသူကိုအနိုင်အထက်ပြု၍လက်ဝါးကပ်တိုင်ကိုထမ်းစေကြ၏ဦးခေါင်းခွံအရပ်ဟုအဓိပ္ပာယ်ရှိသောဂေါလ်ဂိုသအရပ်သို့ရောက်ကြသောအခါသူတို့သည်ကိုယ်တော်အားသည်းခြေနှင့်ရောသောစပျစ်ရည်ကိုသောက်ရန်ပေးကြ၏။ ကိုယ်တော်သည်မြည်းစမ်းတော်မူပြီးလျှင်မသောက်ဘဲနေတော်မူ၏။ ထို့နောက်သူတို့သည်ကိုယ်တော်ကိုလက်ဝါးကပ်တိုင်တင်ကြ ပြီးကိုယ်တော်၏အဝတ်များကိုမဲချ၍ခွဲဝေယူကြ၏။ သူတို့သည်ထိုအရပ်မှာထိုင်၍ကိုယ်တော်ကိုစောင့်ကြည့်နေကြ၏။ထို့ပြင်ဤသူသည်ဂျူးလူမျိုးတို့၏ဘုရင်ယေရှုတည်းဟူသောကိုယ်တော်အပေါ်စွဲချက်တင်သည့်စာတမ်းကိုဦးခေါင်းတော်အထက်လက်ဝါးကပ်တိုင်ပေါ်တွင်တပ်ထားကြ၏။ တစ်ချိန်တည်းမှာပင်ဓားပြနှစ်ယောက်တို့ကိုကိုယ်တော်နှင့်အတူလက်ယာဘက်၌တစ်ယောက်၊ လက်ဝဲဘက်၌တစ်ယောက်လက်ဝါးကပ်တိုင်တင်ထားကြ၏။ လမ်းသွားလမ်းလာတို့သည်လည်းမိမိတို့ဦးခေါင်းများကိုယမ်းကြလျှက်ကဲ့ရဲ့ပြောဆိုကြသည်ကား။ဗိမာန်တော်ကိုဖြိုဖျက်၍သုံးရက်အတွင်းတည်ဆောက်မည့်သူ၊သင့်ကိုယ်သင်ကယ်တင်ပါလော့။ သင်သည်ဘုရားသခင်၏သားတော်ဖြစ်လျှင်လက်ဝါးကပ်တိုင်မှဆင်းလာပါလော့ဟုဆိုကြ၏။ ထိုနည်းတူစွာပင်ရဟန်းအကြီးအကဲများသည်လည်းကျမ်းတတ်ဆရာ၊သက်ကြီးဝါကြီးတို့နှင့်အတူပြောင်လှောင်ပြောဆိုကြသည်ကား။ ဤသူသည်အခြားသူတို့ကိုကယ်ဆယ်ခဲ့၏။ မိမိကိုယ်ကိုမူကားမကယ်

ဆယ်နိုင်၊သူသည်အစ္စရေးလ်လူမျိုးတို့၏ဘုရင်ဖြစ်လျှင်လက်ဝါးကပ်တိုင်ပေါ်မှယခုဆင်းလာပါစေ၊ ငါတို့သည်လည်းသူ့ကိုယုံကြည်ပါတော့မည်။ သူသည်ဘုရားသခင်ကိုယုံကြည်အားထားသောသူဖြစ်၏။ ဘုရားသခင်သည်သူ့ကိုနှစ်သက်တော်မူလျှင်ယခုပင်သူ့ကိုကယ်တင်တော်မူပါစေ၊အကြောင်းမူကားသူကငါသည်ဘုရားသခင်၏သားတော်ဖြစ်၏ဟုဆိုခဲ့သည်ဟူ၍ပြောင်လှောင်ပြောဆိုကြ၏။ ကိုယ်တော်နှင့်တကွလက်ဝါးကပ်တိုင်တင်ခံကြရသောဓားပြတို့သည်လည်းကိုယ်တော်ကိုထိုနည်းတူကဲ့ရဲ့ပြောဆိုကြ၏။ မွန်းတည့်အချိန်မှစ၍မွန်းလွဲသုံးနာရီအချိန်တိုင်အောင်မြေတပြင်လုံး၌မှောင်မိုက်အတိကျရောက်လေ၏။ သုံးနာရီအချိန်ခန့်တွင်ယေရှုသည်ကျယ်လောင်သောအသံနှင့်ဧလိ၊ဧလိ၊လာမစာဘတ္တာနီဟုအော်ဟစ်တမ်းတတော်မူ၏။ အဓိပ္ပာယ်မှာကျွန်ုပ်၏ဘုရား၊ ကျွန်ုပ်၏ဘုရားအဘယ်ကြောင့်ကျွန်ုပ်ကိုစွန့်ပစ်ထားတော်မူပါသနည်းဟုဆိုလိုသတည်း။ အနီးတွင်ရပ်နေသူတချို့တို့ကထိုစကားကိုကြားကြလျှင်ဤသူသည်ဧလိယကိုခေါ်သည်ဟုဆိုကြ၏။ ထိုသူတို့တွင်တစ်ယောက်သည်ရေစုပ်နိုင်သောဖော့တုံးကိုယူ၍ပုန်းရည်တွင်နှစ်ပြီးလျှင်ကျူရိုးတွင်တပ်လျှက်ကိုယ်တော်အားသောက်စေခြင်းငှာပေးလေ၏။သို့သော်အခြားသောသူတို့ကခေတ္တစောင့်ကြပါဦး၊သူ့အားကယ်တင်ရန်ဧလိယလာမလာကိုကြည့်ကြပါစို့ဟုပြောဆိုကြ၏။ သခင်ယေရှုမူကားကျယ်သောအသံဖြင့်တစ်ဖန်ဟစ်အော်တော်မူ၍အသက်တော်ကိုစွန့်တော်မူ၏။ ထိုခဏချင်းပင်ဗိမာန်တော်၏ကန့်လန့်ကာသည်အထက်စွန်းမှအောက်စွန်းတိုင်အောင်စုတ်၍နှစ်ပိုင်းဖြစ်သွားလေ၏။ မြေလျင်ကြီးစွာလှုပ်၍ကျောက်ဆောင်များလည်း ကွဲအက်လေ၏။ သင်္ချိုင်းဂူများပွင့်လှစ်သဖြင့်သေလွန်ပြီးသောသူတော်ကောင်းတို့၏အလောင်းများသည်ပြန်ရှင်ကြ၏။ ကိုယ်တော်ထမြောက်တော်မူပြီးသည့်နောက်ထိုသူတို့သည်သင်္ချိုင်းဂူများမှထွက်လာကြ၍သန့်ရှင်းသောမြို့တွင်းသို့ဝင်ရောက်ကြကာလူများစွာတို့အားထင်ရှားပြကြ၏။သခင်ယေရှုကိုစောင့်ကြည့်နေကြသောလူတစ်ရာတပ်မှူးနှင့်တကွ သူ၏လူများသည်ငလျင်လှုပ်ခြင်းနှင့်ဖြစ်ပျက်သမျှအချင်းအရာများကိုတွေ့မြင်ကြသောအခါလွန်စွာထိတ်လန့်အံ့သြကြ၍ဤသူသည်ဘုရား၏သားတော်အမှန်စင်စစ်ဖြစ်သည်ဟုဆိုကြ၏။ သခင်ယေရှု၏နောက်တော်သို့လိုက်၍အလုပ်အကျွေးပြုနေကြသည့်ဂါလိလေနယ်မှအမျိုးသမီးများသည်ထိုနေရာတွင်ခပ်လှမ်းလှမ်းမှကြည့်ရှုနေကြ၏။ ထိုသူတို့ထဲတွင်မာရိယမာဒလေးနာ၊ယာကုပ်နှင့်ဂျိုးဇက်တို့၏အမိဖြစ်သောမာရိယနှင့်ဇေဘေဒေဦးသားများ၏မိခင်သည်လည်းပါရှိ၏။ ညနေခင်းအချိန်ရောက်သောအခါသခင်ယေရှု၏တပည့်ဖြစ်သည့်အာရိမာတေအားမြို့သားဂျိုးဇက်အမည်ရှိသောချမ်းသာကြွယ်ဝသူတစ်ဦးသည်ရောက်လာ၏။ သူသည်ပီလာတုမင်းထံသို့ သွား၍သခင်ယေရှု၏အလောင်းတော်ကိုတောင်းလေ၏။ ထိုအခါပိလတ်မင်းကအလောင်းတော်ကိုသူ့အားပေးရန်အမိန့်ချလိုက်လေ၏။ ဂျိုးဇက်သည်လည်းအလောင်းတော်ကိုယူဆောင်၍ဖြူစင်သောပိတ်အဝတ်ဖြင့်ပတ်ရစ်ပြီးလျှင်ကျောက်ဆောင်တွင်ထွင်းထားသောမိမိကိုယ်ပိုင်သင်္ချိုင်းဂူအသစ်၌ကိုယ်တော်၏အလောင်းတော်ကိုသွင်းထားလေ၏။ သင်္ချိုင်းတွင်းဝ၌လည်းကျောက်တုံးကြီးတစ်တုံးကို လှိမ့်၍ ပိတ်ထားခဲ့ပြီးမှထွက်ခွာသွားလေ၏။ မာရိယမာဒလေးနာနှင့်အခြားသောမာရိယတို့သည်သင်္ချိုင်းတော်ကိုမျက်နှာမူလျက်ထိုင်နေရစ်ကြ၏။ သင်္ချိုင်းဂူတွင်အစောင့်များထားရှိခြင်းပွဲတော်အတွက်ပြင်ဆင်ရသောနေ့လွန်၍၊နောက်တစ်ရက်တွင်ရဟန်းအကြီးအကဲတို့နှင့်ဖာရိဇေဦးတို့သည်ပီလာတုမင်းရှေ့တွင်စုရုံးကြလျက်။အရှင်မင်းကြီး၊ထိုလှည့်ဖြားတတ်သောသူကငါသည်သုံးရက်မြောက်သောနေ့၌တစ်ဖန်ထမြောက်လိမ့်မည်ဟုသူအသက်ရှင်စဉ်ကဆိုခဲ့ဖူး

သည်ကိုကျွန်တော်တို့ မှတ်မိပါသည်။ ထို့ကြောင့်သူ၏တပည့်များသည်လာကြ၍သူ၏အလောင်းကိုခိုးယူကြပြီး သူသည်သေခြင်းမှရှင်ပြန်ထမြောက်လေပြီဟုလူတို့အားပြောဆိုကြပါလျှင်ရှေ့အမှားထက်နောက်အမှားပို၍ကြီးမည်ကိုစိုးရိမ်ရပါသည်။ သို့ဖြစ်၍သင်္ချိုင်းဂူကိုသုံးရက်မြောက်သောနေ့တိုင်အောင်လုံခြုံစွာစောင့်ကြပ်ပေးစေရန်အမိန့်ပေးတော်မူပါဟုလျှောက်ကြလေ၏။ပီလာတုမင်းကသင်တို့၌အစောင့်တပ်ရှိ၏။ သွား၍ သင်တို့တတ်နိုင်သမျှလုံခြုံအောင်စောင့်ကြပ်စေကြလောဟုအမိန့်ပေးလေ၏။ ထိုကြောင့် သူတို့သည်လည်းသွားကြ၍ကျောက်တုံးကိုတံဆိပ်ခတ်နှိပ်ကာသင်္ချိုင်းဂူကိုလုံခြုံစွာပိတ်လျက်အစောင့်များချထားကြ၏။